
က မိတ်ကရှူးသို့ချို့အနုပညာ

# ပီ–မိုးနှင်း

## အယ်ဒီတာ၊ စာရေးဆရာနှင့် စာဖတ်သူ


mgyoe.com

mgyoe.com

ရိုးရိုးရေးသောစာ၊ အစွမ်းပြလိုသောစာ ဟူ၍လည်း နှစ်မျိုးနှစ်စား ရှိလေသည်။
ရိုးရိုးရေးသောစာကား စာဖတ်သူများ ကြေကွဲပါစေ. . .၊ လွမ်းပါစေ၊
ဆွေးပါစေ၊ ထိတ်လန့်ပါစေ၊ ကြောက်ရွံ့ပါစေဟူသော စေတနာနှင့်
ရည်ရွယ်သည့်အတိုင်း ဖြစ်မြောက်အောင် ရေးသောစာများ ဖြစ်လေသည်။
အစွမ်းပြလိုသော စာများသည်ကား စကားအသုံးအနှုန်း ခမ်းနားခြင်းကို
ပိုမို၍ ဂရုစိုက်လေသည်။ ဤအချက်များကိုလည်း သိအောင် ဖတ်ရလေသည်။
ဝတ္ထုများကို ဖတ်ရာ၌ ရေငတ်၍လာသူ ရေကို အားရပါးရ သောက်သကဲ့သို့
မြိန်ယှက်မည်ဟု မျှော်လင့်ရန်မရှိပေ။ ဝတ္ထုကောင်းများမှာ အဆုံး၌ ဖတ်သူ၏
စိတ်မှာ မကျေမချမ်းကဲ့သို့ ဖြစ်တတ်ပေသည်။ ထောပတ်ထမင်း၊ အုန်းထမင်းကို
စားရသကဲ့သို့ ဆိမ့်အီ၍ မသွားနိုင်ပေ။ အများအားဖြင့် အဖျားရှူးသည်ဟု
ဆိုကြသော ဝတ္ထုများသည် ဝတ္ထုကောင်းများ ဖြစ်တတ်လေသည်။ ထမင်းစား၍
မြိန်သူသည် စား၍ကောင်းတုန်းမှာ ရပ်ရလေသည်။
မုဆိုးတစ်ယောက်နှင့် တောတောင်ပါသောကားကို ကြည့်ရာ၌၊
မုဆိုးကို အဓိကပြု၍ ရေးဆွဲသောကားလား၊ တောတောင်ကို ပြချင်၍
ရေးသောကားလားဟု သိအောင်ကြည့်ရသလို
စာမှာလည်း ထိုအသိမျိုး လိုလေသည်။

# ပီ-မိုးနှင်း

## အယ်ဒီတာ၊ စာရေးဆရာနှင့် စာဖတ်သူ

Today Book Store
800.00 Ks.
A02822
mgyoe.com

mgyoe.com

အယ်ဒီတာ၊ စာရေးဆရာနှင့် စာပတ်သူ၊ ပိုမိုးနင်း
မျက်နှာဖုံးဒီဇိုင်း - unsplash image
စာမျက်နှာ ၄၈ မျက်နှာ၊ ၁၀ • ၂ စင်တီ× ၁၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

နှစ် ၂၀ ပြည့် အမှတ်တရစာမွန်

# အယ်ဒီတာ၊
# စာရေးဆရာနှင့် စာဖတ်သူ

ပီမိုးနင်း

ပထမအကြိမ်၊ ၂၀၀၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ အယ်ဒီတာ ဆိုသည်ကား ၁

၂။ စာရေးဆရာ ၁၀

၃။ နာမည်ကျော် ၁၅

၄။ သတင်းစာ ၂၀

၅။ ခေတ်စမ်းပုံပြင် ဝေဖန်စာ ၂၈

၆။ သင် စာဖတ်တတ်ပါ၏လော ၃၅

၇။ ငွေဥဒေါင်း၏ ဆရာပီမိုးနင်း အယ်ဒီတာလုပ်စဉ်က ၃၉


❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အယ်ဒီတာ ဆိုသည်ကား

အခြားသော တိုင်းကြီးပြည်ကြီးများ၌ အယ်ဒီတာ အလုပ်သည် အထမြောက်ဖို့ရန် လွန်စွာခက်ခဲသော အလုပ်ဖြစ်လေသည်။ စင်စစ်အားဖြင့် ထိုတိုင်းပြည်များ၌ အယ်ဒီတာအဖြစ်သို့ မရောက်မီ ရီပိုတာအဖြစ်နှင့်လည်းကောင်း၊ လက်အောက်စာပြင်ဆရာ၊ စာရေးဆရာ အငယ်များအဖြစ်နှင့်လည်းကောင်း နှစ်ပေါင်းများစွာ အနှံ့အနှံ့ခံ၍ သင်ကြားရလေသည်။ သို့ပင် သင်ကြားလုပ်ကိုင်ကြရသော်လည်း အယ်ဒီတာတစ်ယောက် အဖြစ် အောင်မြင်ဖြစ်ထွန်းဖို့ရန် မျှော်လင့်ခြင်းမှာ များစွာအားတက်လောက်သော မျှော်လင့်ခြင်းမျိုး မဟုတ်ပေ။

mgyoe.com

mgyoe.com


ကျွန်ုပ်တို့ မြန်မာပြည်မှာမူကား အယ်ဒီတာဖြစ်ဖို့ရန် များစွာလွယ်ကူလေသည်။ ထိုကဲ့သို့ လွယ်ကူခြင်းသည် မြန်မာလူမျိုးတို့မှာ မွေးကတည်းက အယ်ဒီတာသွေး ပါ၍လာကြလို့ပေလား။ သို့မဟုတ် မြန်မာလူမျိုးများမှာ လူတတ်လူလိမ္မာဖြစ်ဖို့ရန် လွယ်ကူသောကြောင့်လား။ သို့တည်းမဟုတ် မြန်မာပြည် စာနယ်ဇင်းအလုပ်သည် ဖြစ်ကတတ်ဆန်းအလုပ် ဖြစ်သောကြောင့် မည်သူမဆို အယ်ဒီတာ ဖြစ်နိုင်လေသလား။ သို့တည်းမဟုတ် ရဟန်းလူထွက်များသော တိုင်းပြည်ဖြစ်သောကြောင့်လားဟု တွေးတောဖွယ်ရာအချက်တွေ များစွာရှိလေသည်ဖြစ်ကြောင်း။

အချို့က ပထမကျော်အောင်လျှင် အယ်ဒီတာဖြစ်သည်။ အချို့က တေးထပ်၊ လေးချိုး ရေးတတ်လျှင် အယ်ဒီတာဖြစ်သည်။ အချို့က ပျို့ကဗျာရေးတတ်လျှင် အယ်ဒီတာဖြစ်သည်။ အချို့က သတ်ပုံတတ်လျှင် အယ်ဒီတာဖြစ်သည်။ အချို့က ဝတ္ထု၊ ဆောင်းပါး ရေးတတ်လျှင် အယ်ဒီတာဖြစ်သည်ဟု တွေးထင်တတ်ကြလေသည်။ စင်စစ်သော်ကား ပထမကျော်၊ ဘီအေအောင်၍ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာလင်္ကာ ရေးတတ်လျှင် ထိုသို့သောဆရာတို့မှာ အယ်ဒီတာမဖြစ်ဘဲ စာရေးဆရာမျှသာ ဖြစ်သည့်ပြင် သတ်ပုံသတ်ညွှန်း

mgyoe.com

mgyoe.com


နားလည်၍ အပင့်၊ အရစ်၊ ညသတ်၊ လုံးကြီးတင် ပြင်ဆင်တတ်လျှင်လည်း သတ်ပုံပြင်ဆရာတို့မှာ အယ်ဒီတာမဖြစ်ဘဲ စာပြင်ဆရာမျှသာ ဖြစ်ရကား အယ်ဒီတာနှင့် စာရေးဆရာ၊ စာပြင်ဆရာများသရုပ်ကို အထူးကွဲဖို့ လိုပေသည်။

အယ်ဒီတာဆိုသည်မှာ ဘီအေအောင်ဖို့လည်း မလို၊ ပထမကျော်နှင့်လည်း မသက်ဆိုင်၊ သူတစ်ပါး ရေးသည့် များစွာသော အမှိုက်ပုံကြီးများထဲမှ မိမိ၏ ဉာဏ်ကို အသုံးပြုကာ ရှေ့အစွန်း၊ နောက်အစွန်းကို ဆင်ခြင်လျက် တော်၏၊ မတော်၏၊ သင့်၏၊ မသင့်၏ ချင့်ကာကြည့်ပြီး ဤစာကို ဤခြင်းထဲသို့ ဆုတ်၍ချ၊ ဟိုစာကို ဟိုဖိုင်မှာတွဲ၊ ထိုစာစုကို ထိုသူ့ထံပြန်ပို့၊ ရာဇဝတ်မှုအရေးတို့ကို ဖယ်ရှား၊ အဘယ်စာများက အဘယ်လူစုအတွက် ဘယ်လိုအကျိုးများပြီး အဘယ် လိုစာမျိုးတို့ကို စာနယ်ဖင်းဖတ်သူတို့ သဘောကျမည် ဟု ဆင်ခြင်ကာ နယ်ကိုအမြီးတပ်၊ အသတ်ကို ထင် အောင်ရေး၊ သေးသေးတင်ပါ မကျန်ရစ်စေရအောင် လျော်သလိုပြုပြင်ပြီး ဖြတ်တန်ဖြတ်၊ ဖြည့်တန်ဖြည့်၊ ပြောင်းတန်ပြောင်းပြီး ကောင်းအောင် အကန့်အကန့်ခွဲ၊ အခန်းအခန်းတို့မှာ နေရာချထားပြီးလျှင် စာနယ်ဇင်း တည်းဟူသော စာအမျိုးမျိုး ပွဲရုံကြီးမှာ ဆော့ကလေး၊

mgyoe.com

mgyoe.com

ချက်တနီးကလေးများနှင့် မွှေးမွှေးကြိုင်ကြိုင် မြိုင်မြိုင် ဆိုင်ဆိုင်ဖြစ်အောင်ပြင်ပြီး အငွေ့တထောင်းထောင်းနှင့် မြင်ရလျှင် သရေကျလောက်အောင် စီမံတတ်သော စာအိုးသူကြီးဉာဏ်မျိုး ရှိသူတို့ကို အယ်ဒီတာဟူ၍ ခေါ်ဝေါ်ပညတ် သမုတ်အပ်ပေကြောင်း။

အယ်ဒီတာဆိုသည်မှာ 'Edere' 'အပြင်သို့ ထုတ်ပေးသည်' ဟူသော လက်တင်စကားမှ ဆင်းသက်လာလေသည်။ စင်စစ်အားဖြင့် အယ်ဒီတာသည် စာ, နယ်, ဇင်း, မှစ၍ စာအုပ်တို့ကိုထုတ်ခြင်း၌ ကြီးကြပ်ပြုပြင်သူ ဖြစ်လေရာ ပိဋကတ်သုံးပုံ၌ ကြီးကြပ်သော ဆရာကြီးများသည် အယ်ဒီတာအစစ်ကြီးများ ဖြစ်ကြလေသည်။ အယ်ဒီတာချုပ်ကြီးမှာ အဘယ်ပညာကိုမှ အခေါင်အဖျား တတ်ဖို့မလို။ လူကြိုက်အောင် စာတစ်ပုဒ်ကို ရေးတတ်ဖို့ ဝတ္တရားမရှိ။ ဤကမ္ဘာလောကကြီး၏ အခြေအနေကို ဉာဏ်မျက်လုံးဖြင့် ခြုံ၍ငုံ၍ကြည့်ပြီး ခေါင်းကြီးရေးသူ၏ အပြစ်၊ ဝတ္ထုရေးသူ၏ အပြစ်၊ သတင်းရေးသူ၏ အနာ၊ နိုင်ငံရေးဆရာ၏ အမှား၊ ဆောင်းပါးရေးသူ၏ ချို့ယွင်းချက်၊ မသမာသူ၏ စိတ်သဘောထား ကောင်း မကောင်း၊ သင့် မသင့်၊ တော် မတော် အရာများ ဝေဖန်ခွဲခြားတတ်ပြီး ပြုတတ်၊ ပြင်တတ်၊ တန်ဆာဆင်တတ်သော အသိဉာဏ်ကြီးဖို့သာ
mgyoe.com

mgyoe.com



လိုပေသည်။ တိုတိုပြောရလျှင် အဆဲတတ်ရုံနှင့်လည်း အယ်ဒီတာမဖြစ်။ ထုတ်ဝေနိုင်ရုံမျှနှင့်လည်း အယ်ဒီတာ မဟုတ်။ စာနယ်ဇင်းတစ်စောင်ကို ဖြစ်မြောက်အောင် မောင်းနှင်နိုင်သောသူကို အယ်ဒီတာဟု ခေါ်ရလေသည်။

သို့အတွက်ကြောင့် ဖြစ်ကတတ်ဆန်း အရမ်းအရမ်း ပေါ်လာကြသော ကမန်းကတန်း သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့မှာ စာနယ်ဇင်းမွေး မပေါက်မီ ပပျောက်၍ သွားတတ်ကြသည်မှာ အခြားကြောင့် မဟုတ်၊ အယ်ဒီတာအလုပ်ကို အိုးသူကြီးအလုပ်လောက် မခက်ဟု ထင်မှတ်ကာ ကလောင်ကိုင်ရုံမျှနှင့် အယ်ဒီတာဖြစ်၊ ထုတ်ဝေနိုင်ရုံမျှနှင့် အယ်ဒီတာလုပ်၊ ဖြစ်ကတတ်ဆန်းနှင့် အဟုတ်ထင် လုပ်ကိုင်ကြပြီး၊ ပျက်စီး၍သွားသည့်တိုင်အောင် ငါဘာပြုလို့ ပျက်ပါလိမ့်ဟု တွေးခေါ်စဉ်းစား သိရှိကြဟန်မတူသော ဆရာ့ဆရာတို့၏ အထင်အမြင် လွန်စွာပင် မှားယွင်းကြခြင်းကြောင့် ဖြစ်ပေကြောင်း။

ကျွန်ုပ်တို့ မြန်မာပြည်၌ စာနယ်ဇင်းအလုပ်သည် လေ့ကားအောက်ဆုံးအထစ်မှာ ရှိသေး၏။ ရှေ့၌ တိုးတက်ချဲ့ထွင် ပြုပြင်ရန် နည်းလမ်းတို့သည် အံ့မခန်းကျန်သေး၏။

mgyoe.com

mgyoe.com



ထိုလာလတ္တံ့သော နည်းလမ်းများအထိ ချဲ့ထွင်တိုးတက် ကြီးမြင့်အောင် ကြံစည်ဖို့ရန် စိတ်အကြံမရှိဘဲ ယခုမျက်မြင် ရောက်ရှိနေသော စာနယ်ဇင်းအခြေအနေတို့ကိုသာ ရှုမြင်ကာ လင်းတလောက်ဖြင့် ငှက်တိုင်းပျံနိုင်သည်ဆိုပြီး ထကာ ထကာ လင်းတလုပ်ကြရာ၊ နောက်ယောင်ခံဖို့ရန် လမ်းပြသူမရှိက ချွန်၍ချွန်၍မတက်ဘဲ သဲပုံပမာ ပြား၍ပြား၍ သွားတတ်ကြလေသည်။

လမ်းကိုသိမြင်သောသူသည် လမ်းသွားတတ်၏။ ထိုသူသည် ခရီးပို၍ ပေါက်၏။ လမ်းကို မသိမမြင်သူသည်ကား သိမြင်သူကိုကြည့်၍ လိုက်ရသဖြင့် ခရီးအရောက် နောက်ကျလေသည်။ သို့သော်လည်း စာနယ်ဇင်းတွေ များစွာပေါ်ခြင်းကို ကျွန်ုပ်တို့ များစွာလိုလား၏။ ထိုအရာသည် လိုလားအပ်သောအရာလည်း ဖြစ်၏။ အကြောင်းမူကား စာနယ်ဇင်းအသစ် ၁၀ စောင်ပေါ်လျှင် "ယက်သဲ့ကြား ငါးတင်" ဟူသောစကားလိုတကယ့်စာနယ်ဇင်း တစ်စောင် နှစ်စောင်ပါ၍ ကြွင်းသောရှစ်စောင် အနိစ္စရောက်သည့်အခါ ထိုနှစ်စောင်အသက်ရှင်ရလိမ့်မည် ဖြစ်ကြောင်း။

သို့သော်လည်း မြန်မာလူမျိုးများမှာ ငွေအဝင်နည်းပြီး အကုန်များ၍နေသော ခေတ်ကြီးမှာ အကျိုးတစ်စုံ

mgyoe.com

mgyoe.com



တစ်ရာ မရှိဘဲလျက် နိုင်ငံခြားစက်၊ စက္ကူ၊ မင်၊ ကော် စသည့် ကုန်သည်ကြီးများအား မရှိမဲ့ရှိမဲ့ ဆင်းရဲဒုက္ခ ခံပြီး ထောက်ပံ့၍နေရသကဲ့သို့ 'လှူပ်လေ မြုပ်လေ ကိုသာဒုတ်' ဖြစ်မှာကို များစွာ စိုးရိမ်ရပေကြောင်း။

ဎင်းပြင် မြန်မာစာနယ်ဇင်းများမှာ တိုက်ဖြစ်စာ တွေ များအားကြီးသဖြင့် အနောက်တိုင်းများ၌ ထုတ် သော အောက်တန်းစား စာနယ်ဇင်းမျိုးများနှင့် တူ၍ နေလေသည်။ ဝက်စွယ် နားပင်းပိတ်တစ်ချောင်းနှင့် လူစွမ်းကောင်း မခေါ်နိုင်သလို တစ်ယောက်ကောင်း နှစ်ယောက်ကောင်း အယ်ဒီတာဆိုသူတို့ကို အားကိုး လက်ကိုင်ပြု၍ စခန်းသွားခြင်းဖြင့် အရှည်သဖြင့် တည် တန့်သော ကြီးပွားခြင်းကို ရဖို့ရန် လွန်စွာခက်ခဲလေ သည်။ အယ်ဒီတာဆိုသူ တစ်ယောက်နှစ်ယောက်က ထိုင်ပြီး တစ်နေ့လည်းမဟုတ်၊ တစ်လလည်းမဟုတ်၊ တစ်နှစ်လည်းမဟုတ် ကြားသမျှအရာများနှင့် ပတ် သက်ပြီး ထင်မြင်သမျှ ရေးတတ်သမျှ မှတ်သမျှ ဝတ္ထု ဆောင်းပါးများကို ရေး၍နေသည်မှာ ကြာသောအခါ၊ တကယ်အလုပ် မဟုတ်တော့ဘဲ စာနယ်ဇင်းထွက်ချိန် မီအောင်ရေးရမည်မှာ တာဝန်တစ်ခုဖြစ်နေသောကြောင့် တော်စွာလျော်စွာ ဖြစ်တတ်သမျှ ရေးတတ်သော အစွမ်း သတ္တိ ပေါ်၍လာတတ်လေသည်။

mgyoe.com

mgyoe.com



သို့အတွက် စာနယ်ဇင်းတို့မှာ ဩဇာတန်ခိုး ကြီးမြင့်စေလိုလျှင် ဖြစ်ကတတ်ဆန်း တိုက်ထွက်မဲပြာပုဆိုး စာမျိုးတွေ မဟုတ်စေဘဲ၊ လောက၌ လုပ်ကြကိုင်ကြ ရှာကြဖွေကြ ကြံစည်ကြသော ခေတ်နှင့်ဆီလျော်သည့် ကိစ္စများနှင့်ပတ်သက်၍ လက်တွေ့ကိုယ်ထိ သိကျွမ်းကျင်လည်သူတို့ ရေးသားသောစာများကို အရပ်ရပ်မှ စုဆောင်းရှာဖွေ၍ ထည့်ကြရလေသည်။

အယ်ဒီတာဆိုသည်မှာ စာရေးတတ်ရမည်။ စာရေးခြင်းသည် အယ်ဒီတာနှင့်သာဆိုင်သည်။ အယ်ဒီတာဆိုသည်မှာ စာကို အစိုးရသည်။ အယ်ဒီတာရေးသော စာမှ စာဟူ၍ မှတ်ထင်လုပ်ကိုင်နေခြင်းကြောင့် မြန်မာပြည်မှာ စာနယ်ဇင်းတွေ မကြီးပွားမတိုးတက်ဘဲ အဆင့်အတန်းနိမ့်၍ နေကြရလေသည်။ မော်တော်ကားအကြောင်းကို စာနယ်ဇင်း၌ ထည့်၍ရေးချင်လျှင် မော်တော်ကား နားလည်သူထံမှ ထိုအကြောင်းနှင့် ပတ်သက်သော စာမျိုးကို ဝယ်၍ယူရလေသည်။ ရေးသူက စာသံပေသံ မပါလျှင် (သည်လည်း ညသတ်) ကို အဆင်ပြေအောင် အယ်ဒီတာက ပြင်ဆင်ရုံသာ ရှိလေသည်။ အကြောင်းမူကား စာနယ်ဇင်းသည် ဆေးပုလင်းနှင့် တူ၏။ အယ်ဒီတာကား လေဘယ်ကပ်သမားမျှသာ ဖြစ်လေသည်။ သို့ဖြစ်၍ အယ်ဒီတာ

mgyoe.com

mgyoe.com



အတတ်၊ ဂျာနယ်လစ်အတတ်တို့ကို ယခုထက် အဆင့်အတန်းတိုးပြီး ခိုင်မြဲတည်တံ့ တန်ခိုးကြီးသော အဖြစ်မျိုးသို့ ရောက်ကြဖို့ရန် ဖြစ်ကတတ်ဆန်း ပရမ်းပတာအလုပ် မလုပ်ဘဲ စဉ်းစဉ်းစားစား ကြိုးစား ဆောင်ရွက်ကြရန် အားပေးနှိုးဆော်လိုက်ရပေ ကြောင်း...

*ပဒေသာ၊ အတွဲ (၁)၊ အမှတ် (၂)။*

❖

**မှတ်ချက်။** လွန်ခဲ့သည့် ၂၃ နှစ်ခန့်က သုတ ရတနာဂျာနယ်တွင် ဆရာကြီးပီမိုးနင်း ရေးသားခဲ့ သော စာမူဖြစ်သည်။ ထိုခေတ်မှာ စာနယ်ဇင်း များ အပြိုင်အဆိုင် ပေါ်ပေါက်ခဲ့ကြ၍ အယ်ဒီတာ များမှာလည်း ခေတ်အားလျော်စွာ ပါဠိဆရာ၊ ကဗျာလင်္ကာ ဆရာများသာ များခဲ့ကြပေကြောင်း။

mgyoe.com

mgyoe.com

## စာရေးဆရာ

လူသတ္တဝါတို့၏ ဓမ္မတာသဘောတရားအတိုင်း ဇာတ်သဘင် အပျော်အရွှင်ကို နှစ်သက်လိုလားသော စိတ်သည် ကမ္ဘာကို လွှမ်းမိုး၍နေခဲ့လေရာ ကာလပေါ် ဝတ္ထုများကို အလေးအမှုက်ပမာ အသုံးမကျသော စာများကဲ့သို့ သဘောထားပြီး ဝတ္ထုရေးဆရာတို့ကို အပြစ်တင် ကဲ့ရဲ့ရှုတ်ချကာ သတင်းစာများမှ အပြစ် ရှာကြသော်လည်း တက်၍လာသော ဒီရေကို ဆီးတား ၍ မရသကဲ့သို့ ဝတ္ထုရေးဆရာများနှင့် ဝတ္ထုများသည် တစ်နေ့တခြား တိုးတက်၍လာသည်မှာ မြန်မာစာ တိုး တက်ရေးအတွက် အားတက်ဖွယ်ရာကြီး ဖြစ်လေ သည်။

mgyoe.com

mgyoe.com



ယခုအခါ ကမ္ဘာပေါ်၌ အထင်ရှားဆုံးသော စာရေးဆရာကြီးများသည် ဝတ္ထု၊ ဇာတ်ရေးသော ဆရာကြီးများ ဖြစ်ကြပေသည်။ ရှိတ်စပီးယားနှင့် ဦးပုညတို့သည်လည်း ဇာတ်ရေးဆရာကြီးများပင် ဖြစ်ကြလေသည်။

မည်သည့်ခေတ်မှာမဆို ခေတ်အလျောက် စာရှိရလေသည်။ ကျွန်ုပ်တို့ခေတ်မှာ ရှေးက ရှင်သီလဝံသတို့ ရေးသောစာမျိုးကို ရေးလျှင် မဆိုင်သောအလုပ်ကို လုပ်သည်နှင့် တူရာ၏။ ဦးပုည၏စာမျိုးကို အတုခိုး၍ရေးလျှင် အချိုးတလံ အသွားတစ်ထွာနှင့် ရှေးနည်းနာကို များစွာကြိုက်ကြမည်မဟုတ်ပေ။ ထို့ပြင် ရှေးလူတို့သည် မိမိတို့၏ခေတ်၌ သုံးသော ပေါရာဏကို ကောင်းစွာနားလည်ကြ၏။ ကျွန်ုပ်တို့သည်ကား ခေတ်သုံးစကားကိုသာ နားလည်ကြလေရာ ရှေးစာတို့ကို တုပ၍ရေးချေက မမီသောပန်းကို တုံးခုတ်၍လှမ်းသလိုဖြစ်ဖို့ရှိသောကြောင့် ကျွန်ုပ်တို့ ခေတ်ကာလရေးနည်းစတိုင်ဖြင့် ခေတ်ကာလအလျောက် တိုးတက်သော စိတ်ကူးဉာဏ်တို့ကို ရေးမှတ်ခြင်းပြုကြဖို့သာ ရှိလေသည်။ အကယ်၍ အချို့လူများ ကဲ့ရဲ့ကြသလို ယခုခေတ်ကာလမှာ စာသစ်ကို မထွင်ဘဲနေကြရမည်ဆိုလျှင် မြန်မာဘာသာစကားမှာ ရှေးဟောင်းသာရှိ၍ တိုးတက်ခြင်းရှိတော့မည် မဟုတ်ပေ။

mgyoe.com

mgyoe.com



ခေတ်ကာလ စာရေးဆရာတို့မှာ များသောအားဖြင့် ဝတ္ထုရေးဆရာ ဖြစ်ကြရသည်မှာ အခြားကြောင့်မဟုတ်။ လောကုတ္တရာစာတို့မှာ ခက်ခဲလေးလံသဖြင့် ဖတ်ရှုသူနည်းဖို့ရှိသောကြောင့် ဖြစ်လေသည်။ စာဖတ်သူနည်းသော တိုင်းပြည်သည် တိုးတက်ခြင်းနှင့် ဗီလာဖြစ်လေရာ၊ ပျော်ပျော်နှင့် အသိအလိမ္မာရပြီး ကောင်းသောနမူနာကို အတုယူ၊ မကောင်းသောနမူနာကို ရှောင်ရှားရအောင် သင်ပြနိုင်လေသည်။ သို့ဖြစ်၍ ဇာတ်သဘင်၊ ရုပ်ရှင် အပျော်အပါးကို ကြိုက်ပါလျက် ဝတ္ထုရေးဆရာတို့ကို ကဲ့ရဲ့သူတို့သည် အများအားဖြင့် သူတော်ကောင်းယောင် ဆောင်သူတွေသာ ဖြစ်ကြလေသည်။

သို့ဖြစ်လေရာ ဝတ္ထုရေးဆရာများစွာ ပေါ်ပေါက်ခြင်းသည် မြန်မာစာ၏ တိုးတက်ခြင်းနှင့် တိုင်းပြည်၌ စာဖတ်သူများခြင်း၊ ဗဟုသုတ အကြားအမြင် တိုးခြင်းတို့ကို ဖြစ်စေဖို့ အကြောင်းဖြစ်သဖြင့် ဝတ္ထုရေးဆရာများကို များစွာအားပေးဖို့ သင့်ကြလေသည်။ တိုင်းပြည်၌ ယခုအခါ စာဖတ်တတ်သူတွေ တိုးတက်များပြား၍ လာခြင်း၌ သတင်းစာများ၊ ဝတ္ထုများသည် ကြီးသော အကြောင်းရင်းများ ဖြစ်ကြလေသည်။

ဝတ္ထုရေးခြင်းပညာသည် သေးငယ်သောပညာ

mgyoe.com

mgyoe.com



မဟုတ်ပေ။ ဝတ္ထုရေးခြင်းကို သေးငယ်သောအလုပ်ဟု ယူဆသူများမှာ အလွန်ဉာဏ်အမြင်ကျဉ်းသေးသော လူညံ့များသာ ဖြစ်ဖို့ရှိပေသည်။ မြတ်စွာဘုရားသော်မှ ဇာတ်တော်၊ ဝတ္ထုတော်များကို အသုံးပြုရလေသည်။ ဝတ္ထုရေးဆရာဖြစ်ဖို့ အလုပ်မှာလည်း အချို့စာရေး ဆရာများ အကြံပေးသလို ရှေးပညာရှိတို့ရေးသော စာများကို သင်ကြားမှတ်သား တုပရုံမျှနှင့် မဖြစ်နိုင် ချေ။ ထိုအကြံပေးချက်များအတိုင်း ကဗျာလင်္ကာ စပ်တတ်ရုံ၊ ဇာတ်တော်တွေ၏ ရေးထုံးရေးနည်းကို ကျက်မှတ်ရရုံမျှနှင့် ဝတ္ထုရေးတတ်ရမည်ဆိုလျှင် ဝတ္ထု ရေးသည့်အတတ်မှာ လွန်စွာလွယ်ကူဖို့ရှိသဖြင့် စာရေး တတ်သူ မည်သူမဆို ဝတ္ထုရေးသမားဖြစ်ဖို့ ရှိ၏။ စာစီ စာကုံး ကဗျာလင်္ကာ ရေးထုံးရေးနည်းတို့ကို သင်ပြ နိုင်သော ကျောင်းဆရာမှန်သမျှ ဝတ္ထုရေးဆရာဖြစ်ဖို့ သာရှိ၏။ ပထမကျော်အောင်သူဟူသမျှ နိုင်ငံကျော် ဝတ္ထုရေးဆရာကြီးတွေ ဖြစ်နိုင်ဖွယ်ရာ ရှိပေသည်။

ဝတ္ထုရေးသော အတတ်သည် ထိုမျှလောက် လွယ်ကူသည်မဟုတ်ပေ။ စာကိုရေးသော အတတ် မဟုတ်၊ စိတ်ကိုရေးသော အတတ်ဖြစ်လေသည်။ ဦးပုညသည် စာကြောင့် ကျော်ကြားသည်မဟုတ်၊ စိတ် ကြောင့် ကျော်ကြားခြင်းဖြစ်လေသည်။ အကြောင်းမူ

mgyoe.com

mgyoe.com



ကား စေတမုဆိုး ခွေးတပ်ဖွဲ့ပုံ၊ ရေသည် ဆင်းရဲပုံ စသော ဦးပုည၏ ပေါ်လွင်ခုန်ကြွနေသည့် အရေးအသားများသည် စာမဟုတ်၊ ဦးပုည၏စိတ်များ ဖြစ်ကြပေသည်။ မင်းဘူးဦးသြဘာသသည် ဇာတ်ကြီးဆယ်ဘွဲ့ကို နောက်ခံပြုကာ ၎င်း၏စိတ်များကို သီကုံးခဲ့၏။ သို့ဖြစ်၍ ဦးသြဘာသ၏ စာများမှာ မည်သည့်အခါမှ ရိုးလိမ့်မည်မဟုတ်ပေ။ မကြာမီက ကွယ်လွန်သော ဝတ္ထုရေးဆရာကြီး တောမာ့စ်ဟာဒီသည် အလွန်တရာ လွယ်ကူရိုးသားသော စကားများဖြင့် လူ၏စိတ်အကြောင်းကို ထင်အောင်မြင်အောင်၊ သဘာဝသဘောတရားနှင့်တူအောင် ရေးသူဖြစ်သဖြင့် တစ်ကမ္ဘာလုံး ကျော်ကြားခဲ့လေသည်။

*ပဒေသာ၊ အတွဲ (၁)၊ အမှတ် (၁၁)၊*

*ဒီဇင်ဘာလ၊ ၁၉၄၈။*

❖

mgyoe.com

mgyoe.com

## နာမည်ကျော်

နာမည်ကျော် စာရေးဆရာတစ်ယောက် ဖြစ်ဖို့ရန် ကဗျာဖြစ်စေ၊ ဝတ္ထုဖြစ်စေ၊ ဇာတ်ဖြစ်စေ တစ်မျိုးမျိုးမှ နာမည်ရဖို့လို၏။ မဂ္ဂဇင်းများ၌ ဆုံးမစာ၊ တရားစာ များကို အဘယ်မျှပင် ရေးကြစေကာမူ စာရေးဆရာ နာမည်ကျော်ဖြစ်ဖို့ လွန်စွာခက်လေသည်။ အကြောင်း မူကား တရားစာ၊ ဆုံးမစာများကို ရွက်ကြမ်းရေကျို မည်သူမဆို ရေးတတ်လေသည်။ ထိုစာများမှာ Literature ခေါ် ပညာ အခါခပ်သိမ်း မပါ၊ ဝတ္ထုနှင့် ကဗျာ၊ ဇာတ်များသာလျှင် ပညာပါလေသည်။ ဆုံးမစာ များမှာ ဘုရားဟောကျမ်းများ၊ ရှေးကျမ်းများကို အမှီရ သဖြင့် စာဖတ်လျှင် သူသူငါငါ ရေးနိုင်၏။ ဝတ္ထု ကောင်း၊ ကဗျာကောင်း၊ ဇာတ်ကောင်းများကိုကား

mgyoe.com

mgyoe.com


သူ့သူငါငါ မရေးနိုင်။ ပင်ကိုဉာဏ်နှင့် စနစ်ကိုသိမှ ဖြစ်နိုင်လေသည်။ သို့ဖြစ်သောကြောင့် သတင်းစာတိုက်များ၊ မဂ္ဂဇင်းတိုက်များသို့ရောက်သော ဝတ္ထုအတို အရှည် အပုဒ် ၁၀၀ လျှင် အသုံးပြုလောက်သော ဝတ္ထု တစ်ပုဒ်မျှပင် ရဖို့ခက်လေသည်။

ဩဝါဒစာ၊ တရားစာများမှာမူ ချီးမွမ်းလောက်သော အင်္ဂါပင် မပါရှိစေကာမူ အပြစ်မရှိသဖြင့် ထိုစာမျိုး ၁၀၀ လျှင် ၉၀ လောက်မှာ သုံး၍ရ၏။ သုံး၍ ရသော်လည်း ထိုစာမျိုးကြောင့် မဂ္ဂဇင်းဂျာနယ်မှာ ဂုဏ် ကျက်သရေမတိုး၊ စာမျက်နှာသာ တိုးနိုင်လေသည်။

တကယ့်ဝတ္ထုရေးဆရာ၊ တကယ့်ပန်းချီဆရာတို့မှာ ပညာတတ်ဖြစ်၏။ ဩဝါဒစာရေးဆရာမှာ ကျောင်း ဆရာနှင့် တူလေသည်။ ကျောင်းဆရာများမှာ ကျောင်း ဆရာလုပ်ရမှ အလုပ်ရ၏။ ပန်းချီဆရာမှာ မိမိ၏ စုတ်တံမှ အလုပ်ထွက်၏။ ဝတ္ထုရေးဆရာမှာလည်း ကလောင်မှ အလုပ်ထွက်လေသည်။

ကဗျာမှာလည်း စနစ်နှင့် စိတ်ကူးဉာဏ် ကိုယ်ပိုင် လိုသဖြင့် ပညာတတ်မြောက်သော်လည်း ယခုခေတ်မှာ ကဗျာခေတ်မဟုတ်သောကြောင့် ခက်လေသည်။

အခြားစာရေးဆရာ အလုပ်တစ်ခုမှာ ဂျာနယ်စာ မျိုးကို ရေးတတ်သော အတတ်ကြီးတစ်ခုဖြစ်လေ

mgyoe.com

mgyoe.com



သည်။ ဆုံးမစာသည် မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာနှင့် မဆိုင်။ ဥရောပ–အမေရိက တိုင်းမဂ္ဂဇင်း သတင်းစာ ဟူသမျှမှာ ဆုံးမစာဟူ၍ တစ်မိုက်တစ်ထွာထက် များ လေ့မရှိပေ။ ဆိုင်ကိုလိုဂျီ မဂ္ဂဇင်းကဲ့သို့ တစ်ဖက်သတ် ကြီးပွားချမ်းသာရေး မဂ္ဂဇင်းများမှာသာ ကြီးပွားရေး စာများ ပါလေရာ ထိုစာများမှာ လွန်စွာသစ်လွင် ဆန်း သစ်သောစာများ ဖြစ်ကြလေသည်။ တရားစာ၊ ကျမ်း စာများ မဟုတ်ပေ။ သို့ဖြစ်လေရာ ဝတ္ထုကောင်းများ ရေးနိုင်မှ တကယ့်စာရေးဆရာ ဖြစ်နိုင်၏။ ကဗျာဖြင့် ယခုအခါ စာရေးဆရာ မဖြစ်နိုင်ပေ။ မစ္စတာမောင်မှိုင်း တစ်ယောက်သာ အရှိန်ရ၍ နာမည်ရခဲ့လေသည်။ ထူး လည်းထူးပေသည်။ ၎င်းလို ထူးဖို့ရန် မလွယ်ကူပေ။

ဂျာနယ်ဆိုသည်မှာ ဝတ္ထု၊ ဇာတ်၊ ကဗျာ၊ ဆုံးမ ဩဝါဒ တရားစာမဟုတ်ဘဲ ဖတ်၍ကောင်းသော စာ မျိုးနှင့် သက်ဆိုင်လေရာ ထိုစာမျိုးမှာလည်း မလွယ်။ အများအားဖြင့် ဝတ္ထုရေးကောင်းသူများ၊ တကယ့် ကဗျာ ဆရာများ၏ ဉာဏ်မျိုးရှိမှ ဖြစ်နိုင်လေသည်။ အကြောင်း မူကား အဘယ်အကြောင်းအရာမဆို ဖတ်၍ကောင်း အောင် ရေးသွေးပေါ်သော ဖော့ကဲ့သို့ ပေါ့ပါးလျင်မြန်သော စာမျိုးဖြစ်ရမည်။ ရွှေငွေစိန်ကျောက်လို စာလေးကြီးမျိုး မှာ မပေါ်နိုင်။ ဖတ်ရာ၌လည်း အရသာရှိမည် မဟုတ်

mgyoe.com